ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၉/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ(၂) ရက်

စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ ကြေညာချက်

၁။ မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့နိုင်ငံရေးအခြေအနေ မတည်မငြိမ်မှုဖြစ်နေပြီး လုံခြုံရေးစိုးရိမ်ရသောအခြေအနေ နှင့် ကိုဗစ်ရောဂါကူးစက်မှုများ ပြန်လည် မြင့်တက်လာခြင်း အခြေအနေတို့ကြောင့် အနာဂတ်အတွက် တန်ဖိုးရှိလှသော နိုင်ငံ့သားကောင်းလူငယ်များ ပညာသင်ကြားခွင့် မဆုံးရှုံးစေရေးကို ဦးတည်၍ အွန်လိုင်းသင်ကြားရေး (Online Learning) နှင့် အိမ်တွင်းသင်ကြားရေး(Home-based Learning) တို့ ပါဝင်သော ကြားကာလပညာသင်ကြားရေးစနစ်ကိုသာ ဖော်ဆောင်ရန် စီစဉ်ထားပါသည်။ သို့သော် ယခုအချိန်တွင် အကြမ်းဖက်စစ်ကောင်စီဘက်မှ ဆရာ၊ဆရာမ၊ဝန်ထမ်းများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများကို ဖိနှိပ်ခြိမ်းခြောက်၍ အခြေခံနှင့်အဆင့်မြင့် စာသင်ကျောင်းများကို အတင်းအဓမ္မ ဖွင့်လှစ်သင်ကြားရန် ကြိုးစားလျက်ရှိသည်။

၂။ ပြီးခဲ့သည့်ရက်ပိုင်းများအတွင်း စာသင်ကျောင်းများကို ပစ်မှတ်ထား၍ ဗုံးဖောက်ခြင်း၊ မီးရှို့ခြင်းစသော အဖျက်အမှောင့်လုပ်ငန်းများကို အကွက်ကျကျ လုပ်ဆောင်လျက်ရှိနေပြီး ပြည်ထောင်စုဖွားညီကိုမောင်နှမများနှင့် အနာဂတ်အတွက် တန်ဖိုးရှိလှသော နိုင်ငံ့သားကောင်းလူငယ်များ စိုးရိမ်ထိတ်လန့်နေရသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရသည်။ စာသင်ကျောင်းများတွင် တပ်စွဲခြင်း ၊ စစ်ရေးအခြေစိုက်စခန်းအသုံးပြုခြင်း နှင့် ပစ်မှတ်ထား တိုက်ခိုက်ဖောက်ခွဲနေခြင်းစသည့် အကြမ်းဖက် တရားမဲ့လုပ်ရပ်များကို လုပ်ဆောင်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို **အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ(ပြင်းထန်စွာ) ရှုတ်ချကန့်ကွက်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

၃။ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် အနာဂတ်အတွက် တန်ဖိုးရှိသော ကျောင်းသူ၊ ကျောင်းသား လူငယ်များ၏ လုံခြုံရေးနှင့်ကျန်းမာရေးအတွက် အတူပူးပေါင်းကာကွယ်ပေးကြပါရန် နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်မည့် ကြားကာလပညာသင်ကြားရေး အစီအစဉ်များတွင် ပြည်ထောင်စုဖွားညီကိုမောင်နှမများအားလုံး ဝိုင်းဝန်းကူညီပြီး အတူတကွလက်တွဲပူးပေါင်း ပါဝင်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

(ပုံ)
ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ